# ၁၉၅၆ ခုနှစ်၊ ငွေချေးယူခြင်းနှင့်ချေးယူငွေအတွက် အာမခံခြင်း (အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ်) (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၁။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ငွေချေးယူခြင်းနှင့်ချေးယူငွေအတွက် အာမခံခြင်း (အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေးဘဏ်) (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင်အဆိုပါ အက်ဥပဒေဟုရည်ညွှန်းသည့် ၁၉၅၆ ခုနှစ်၊ ငွေချေးယူခြင်းနှင့်ချေးယူငွေအတွက်အာမခံခြင်း (အပြည်ပြည်ဆိုင်ရာပြန်လည်ထူထောင်ရေးနှင့်ကြီးပွါးရေးဘဏ်) အက်ဥပဒေနှင့် ပူးတွဲထားသော ဇယား၌ဖေါ်ပြသည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့်ကြီးပွါးရေးဘဏ်တို့ချုပ်ဆိုသော၊ ၁၉၅၆ ခုနှစ်၊ မေလ ၄ ရက်နေ့စွဲပါငွေချေးစာချုပ်တွင်—

(က) ARTICLE II ၏ SECTION 2.03 ၌၊ "amount or the Loan" ဆိုသည့် စကားရပ်အစား၊ "amount of the Loan" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ခ) ARTICLE V တွင်—

(၁) SECTION 5.03 ၌၊ "To the end," ဆိုသည့် စကားရပ်အစား၊ "To that end," ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(၂) SECTION 5.04 ၌၊ "taxtation of," ဆိုသည့် စကားရပ်အစား၊ "taxation of," ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(၃) SECTION 5.05 ၌၊ "loss in effect" ဆိုသည့်စကားရပ်အစား၊ "laws in effect" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

(ဂ) ARTICLE VI ၌၊ "paragraphs (*c*) or (*b*)" ဆိုသည့် စကားရပ်အစား၊ "paragraphs (*c*) or (*h*)" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(ဃ) ARTICLE VII ၏ SECTION 7.02 ၊ clause (*c*) ၌၊ "in Section 7.01 (*e*)" ဆိုသည့် စကားရပ် အစား၊ "in Section 7.01 (*c*)" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

(င) SCHEDULE 3 ၌၊ clause (*a*) အစား၊ အောက်ပါကို၊ clause (*a*) အဖြစ်ထည့်သွင်းရမည်။

အတိုး ၁၀ ကြား]

'(*a*) by the deletion of paragraph (*h*) of Section 5.02 and the substitution therefor of the following :

"(*h*) a default shall have occurred in the performance of any covenant or agreement to be performed by the Board pursuant to the Project Agreement." ; ".

၃။ ။အဆိုပါ အက်ဥပဒေနှင့် ပူးတွဲထားသော ဇယား၌ဖော်ပြသည့်၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ကြီးပွါးရေး ဘဏ်တို့ချုပ်ဆိုသော၊ ၁၉၅၆ ခုနှစ်၊ မေလ ၄ ရက်နေ့စွဲပါ အာမခံစာချုပ်၏နောက်ဆုံးစာပိုဒ်တွင်၊ "have cause" ဆိုသည့်စကားရပ်အစား၊ "have caused" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

ပ၊မ၊ဗ၊စ၊—အမှတ် ၃၁၊ တရားရေးဝန်ကြီးဌာန၊ ၂၀-၁-၅၇—၂,၂၀၀—၂၈